မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

November 8 , 2025 Volume 96 , Number 4

| ၈-၁၁-၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၈.၈၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၃.၇၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၃.၈၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၃.၇၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၂.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၂ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပဲခူးတိုင်းဒေသကြီးသို့ပြည်ပရင်းနှီးမြှုပ်နှံမှုတစ်ခု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှစ်ခု ဝင်ရောက်



ပဲခူးတိုင်းဒေသကြီးမှာ နိုဝင်ဘာလအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုတိုးတက်ဝင်ရောက်ခဲ့တယ်လို့တိုင်းဒေသကြီးအစိုးရအဖွဲ့ဆီကသိရပါတယ်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၅ သန်းနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၄၉၃၀ တိုးတက်ဝင်ရောက်ခဲ့တာဖြစ်ပြီး ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်း ၁၂၈၅ ခုကိုဖန်တီးပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ အစည်းအဝေးအမှတ်စဉ် (၅ /၂၀၂၅) ကိုတော့ နိုဝင်ဘာ ၆ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီးမှာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား (၈) ခုရှိရာ စက်မှုကဏ္ဍတိုးတက်မှုနဲ့အတူ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ မွေးမြူရေးနဲ့ရေလုပ်ငန်းကဏ္ဍ၊ လယ်ယာကဏ္ဍတွေမှာလည်း ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင်ဆောင်ရွက်ရမှာဖြစ်သလို ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာလည်း ပြည်တွင်းကထွက်ရှိတဲ့ ကုန်ကြမ်းပစ္စည်းတွေ သုံးစွဲနိုင်ရေးဆောင်ရွက်ပေးရမယ်လို့ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက ပြောပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှ ယနေ့အထိ နိုင်ငံခြားရင်းနှီးမြုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၁၄ ဒသမ ၃၂၈သန်း၊နိုင်ငံသားရင်းနှီးမြုပ်နှံမှုကျပ် ၂၃၄,၁၁၁ ဒသမ ၇၇၁ သန်းနဲ့အလုပ်အကိုင်အခွင့်အလမ်း ၁၅,၆၁၉ ဦးကို ဖန်တီးနိုင်ခဲ့တယ်လို့ဆိုပါတယ်။

Source : https://onenewstvchannel.com/

## မြန်မာနိုင်ငံက ထုတ်လုပ်သောငှက်သိုက်များ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေးဆောင်ရွက်နေ



မြန်မာနိုင်ငံက ထုတ်လုပ်သောငှက်သိုက်များကို တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း ဇီဝဖိုးငှက်မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်သည့် လုပ်ငန်းရှင်များထံမှ သိရပါတယ်။

လက်ရှိတွင် မြန်မာနိုင်ငံက ထုတ်လုပ်သော ငှက်သိုက်များကို တရုတ်နိုင်ငံဈေးကွက်မှ ဝယ်ယူလိုကြောင်း ဆွေးနွေးမှုများအရ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေး အချက်အလက်များ စုစည်းရယူလိုသည့်အတွက် လုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံ၍ ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှထွက်ရှိသော ငှက်သိုက်များသည် အရည်အသွေးပိုင်းကောင်းမွန်သည့်အတွက် ပြည်ပနိုင်ငံများက ဝယ်ယူရန် စိတ်ဝင်စားနေကြသော်လည်း လက်ရှိတွင် တရုတ်ပြည်ဈေးကွက်သို့သာ တရားမဝင်တင်ပို့နေရကြောင်း သိရပါတယ်။

ထို့ကြောင့် ဇီဝဖိုးငှက်မွေးမြူပြီး ငှက်သိုက်ထုတ်လုပ်၍ ပြည်ပပို့ကုန်အနေဖြင့် တင်ပို့ရာတွင်သက်ဆိုင်ရာနိုင်ငံ၏ စံသတ်မှတ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်းလည်း ဇီဝဖိုးငှက်မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အစား အသောက်များ တင်ပို့ရာတွင် The General Administration of Customs of the People’s Republic of China (GACC) သို့မှတ်ပုံတင်ရမည်ဖြစ်ကာ အဆိုပါမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်း ဆွေးနွေးပွဲများပြုလုပ်ပေးလျက်ရှိကြောင်း သိရပါတယ်။

https://opinionleadersmedia.com/

## မန္တလေးကားဈေးကွက်ထဲ ဥရောပထုတ်ကားများ စိတ်ဝင်စားသူများပြီးအရောင်းအဝယ်သွက်နေ




မန္တလေးကားဈေးကွက်အတွင်း၊ ဥရောပနိုင်ငံထုတ်တစ်ပတ်ရစ်ကားများ၊ လူစိတ်ဝင်စားမှုများပြီးအရောင်းအဝယ်သွက်နေကြောင်းသိရသည်။

Volkswagen, BMW, Vauxhall, Ford အစရှိသည့် ဥရောပနိုင်ငံထုတ်ကားများအနက် Volkswagen အမှတ်တံဆိပ်အိမ်စီးကားများ အရောင်းအဝယ်သွက်နေခြင်းဖြစ်ကြောင်းဝယ်/ရောင်းအကျိုးဆောင်များကဆိုသည်။

“ဥရောပတစ်ပတ်ရစ်ကားတွေထဲကမှ Volkswagen တွေ အရောင်းအဝယ်သွက်လာတာ၊ သူက အိမ်စီးကား သီးသန့်ပေါ့နော်။ ညာမောင်းကို ပိုကြိုက်ကြတယ်။ အရင်က Volkswagen ဆိုရင် ငြင်းပယ်ထားတဲ့ Car Showroom တွေတောင်၊ အခုနောက်ပိုင်းတင်ရောင်းနေကြပြီ” ဟု

မန္တလေးလမ်း၆၀ကားဝိုင်းမှအိမ်စီးကားသီးသန့်ဝယ်ရောင်းအကျိုးဆောင်တစ်ဦးကပြောသည်။

Golf, Polo, Cross Polo, Beetle အစရှိသည့် ဂျာမဏီနိုင်ငံထုတ် Volkswagen အမှတ်တံဆိပ်ကားများအနက်၊ Golf နှင့် Poloအိမ်စီးကားများယခင်ကထက်ပိုမိုအရောင်းအဝယ်သွက်လာခြင်းဖြစ်ကြောင်းသိရသည်။

မန္တလေးကားဈေးကွက်အတွင်း၊ ၂၀၁၀ မော်ဒယ်လ်နှင့်အထက် Golf နှင့် Polo တစ်စီးလျှင် ကျပ်သိန်း ၆၀၀ နှင့် အထက်ပေါက်ဈေးရှိနေပြီး၊ ထိုဈေးတန်းရှိ ဂျပန်တစ်ပတ်ရစ် Saloon ကားထက်၊ စီးရပိုကောင်းသဖြင့် စိတ်ဝင်စားသူများလာခြင်းဖြစ်ကြောင်း ကားဝယ်ရောင်းအကျိုးဆောင်များက ဆိုသည်။

**Source :** https://www.npnewsmm.com/n

## မြန်မာ့ရေထွက်ကုန်များကို တရုတ်နိုင်ငံ ဟွိုင်ဟွမြို့သို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေး



မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်ရှိ ဟွိုင်ဟွမြို့သို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

နန်နင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်းဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၃၁ ရက်နေ့က ဟွိုင်ဟွမြို့ရှိ လက်လီလက်ကားနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Jia Hui Group ကုမ္ပဏီသို့သွားရောက်၍ မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ ဟွိုင်ဟွမြို့သို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

ထို့အတူ မြန်မာကောင်စစ်ဝန်ချုပ်ဟာ ဟွိုင်ဟွမြို့၏ ယာယီမြို့တော်ဝန် Dr. Wei Zhaohui နှင့်တွေ့ဆုံ၍လည်း မြန်မာနိုင်ငံနှင့် ဟွိုင်ဟွမြို့တို့အကြား အလားအလာရှိသော ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင် ရေး ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

မြန်မာ့ရေထွက်ကုန်များကို တရုတ် ၊ ဂျပန်၊ ကိုရီးယား၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင်နိုင်ငံပေါင်း ၄၀ ကျော်ကို နှစ်စဉ်တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ပထမနှစ်ဝက်အတွင်းမှာလည်းပြည်ပသို့ရေထွက်ကုန်တန်ချိန် ၂ သိန်း ဝန်းကျင် တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနရဲ့စာရင်းတွေအရ သိရပါတယ်။

**Source:** https://opinionleadersmedia.com/

## မုံရွာမြို့၏ ကြက်သွန်နီ ဈေးနှုန်း/ဈေးကွက်



နိုဝင်ဘာလပထမအပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ ပွဲရုံများသို့ စားဖိုဆောင် သီးနှံဖြစ်သော ကြက်သွန်နီများ နေ့စဉ်ပိဿာချိန် ၁၀,၀၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။

ပွဲရုံများတွင် ဝင်ရောက်လာသော ကြက်သွန်နီများကို ဒေသတွင်း ကြက်သွန်ကြော်လုပ်ငန်းများ၊အကြော်ဖိုများ၊ရန်ကုန်၊ မန္တလေးဝယ်လက်များနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ မြို့နယ်များသို့ တင်ပို့နေကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာကြက်သွန်နီပွဲရုံများသို့ ဝင်ရောက်လာသော ကြက်သွန်နီတစ်ပိဿာပေါက်ဈေးနှုန်းမှာ လက်ကားဈေးနှုန်း (ကြီး) ၉၀၀၀ကျပ် မှ ၉၅၀၀ကျပ်ထိ၊ (လတ်) ၇၅၀၀ကျပ် မှ ၈၅၀၀ကျပ်၊ (သေး) ၄၀၀၀ကျပ်နှင့် လက်လီဈေးနှုန်း (ကြီး) ၁၀၀၀၀ ကျပ် မှ ၁၃၀၀၀ကျပ်ထိ၊ (လတ်) ၉၀၀၀ကျပ် မှ ၁၀၀၀၀ကျပ်၊ (သေး) ၄၀၀၀ကျပ်မှ ၇၀၀၀ကျပ်ထိ ပေါက်ဈေးရှိသည်။

ကြက်သွန်နီ အလုံးအရွယ်အစားနှင့် အစိုအခြောက်ပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုများရှိသည်။ ကြက်သွန်ဖြူတစ်ပိဿာပေါက်ဈေးနှုန်းမှာ ဗမာဖြူ ၇၅၀၀ကျပ် မှ ၁၀,၀၀၀ကျပ်ထိ၊ ရှမ်းဖြူ ၆၀၀၀ကျပ်မှ ၇၀၀၀ကျပ်ထိ၊ ကြူကုတ်ဖြူ ၁၄,၀၀၀ ကျပ်မှ ၁၆,၀၀၀ကျပ်ထိစသည်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း မုံရွာကြက်သွန်နီပွဲရုံများမှ သိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ပဲစင်းငုံသီးနှံ၏ ၄၀ ရာခိုင်နှုန်းနီးပါး ဆုံးရှုံးမှုရှိမည်ဟုခန့်မှန်း

အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်ရှိ တောင်သူများနှင့် ခရိုင်စိုက်ပျိုးရေးအရာရှိများသည် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ပဲစင်းငုံသီးနှံ၏ ၄၀ ရာခိုင်နှုန်းနီးပါးဆုံးရှုံးမှုရှိမည်ဟု ခန့်မှန်းလျက်ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၈ ရက်က ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံထုတ်လုပ်မှုအများဆုံးပြည်နယ်တစ်ခုဖြစ်သော အဆိုပါပြည်နယ်သည် နိုင်ငံ့ထုတ်လုပ်မှုတွင် သိသာထင်ရှားသော ဝေစုကို ပံ့ပိုးပေးထားသည်။ အဆိုပါအခြေအနေကြောင့် လာမည့်လများတွင် ပဲမျိုးစုံဈေးကွက်၌ အနှောင့်အယှက်များဖြစ်ပေါ်စေရန် အလားအလာများရှိနေသည်။ သို့သော် ပဲစင်းငုံကို Tanzania၊ Mozambique နှင့် Malawi ကဲ့သို့သော အာဖရိကနိုင်ငံများမှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀(ရူပီး ၄၈,၅၀၀)ဝန်းကျင်ဖြင့် တင်သွင်းမှုများရှိသည့် အတွက် အိန္ဒိယနိုင်ငံ၏ လတ်တလောပဲရောင်းလိုအား ပြတ်လပ်မှုကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယူဆထားသည်။

အဆိုပါတင်သွင်းဈေးနှုန်းသည် ၂၀၂၆ ခုနှစ် ဇွန်လအထိ လက်ရှိရာသီအတွက် သတ်မှတ်ထားသော ပဲစင်းငုံတစ်တန်လျှင် ရူပီး ၈၀,၀၀၀ ဖြစ်သည့်ကြမ်းခင်းဈေး(MSP)အောက်များစွာသက်သာလျက်ရှိသည်။

၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် ပဲစင်းငုံတန်ချိန် ၃၅ ဒသမ ၆၁ သိန်းထုတ်လုပ်ခဲ့ပြီး Maharashtra ပြည်နယ်သည် ပြည်နယ်အားလုံးတွင် အများဆုံးဖြစ်သည့်တန်ချိန် ၁၃ ဒသမ ၂၅ သိန်းထုတ်လုပ်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် တောင်သူများသာယာဝပြောရေးဦးစီးဌာန၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ဟက်တာ ၄၆ ဒသမ ၄၅ သိန်းမှ ယခုနှစ်(၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်)တွင် ဟက်တာ ၄၆ ဒသမ ၆၀ သိန်းအထိ အနည်းငယ်တိုးမြင့်လာခဲ့ကြောင်း သိရ သည်။

Maharashtra ပြည်နယ်၏ စိုက်ပျိုးဧရိယာသည် ပြီးခဲ့သည့်နှစ်က ဟက်တာ ၁၁ ဒသမ ၈၉ သိန်းရှိခဲ့ပြီး ယခုရာသီတွင် ဟက်တာ ၁၁ ဒသမ ၆ ၀ သိန်းကျော်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းကျော်သည် Maharashtra၊ Karnataka၊ Madhya Pradesh၊ Uttar Pradesh၊ Gujarat၊ Jharkhand၊ Telangana နှင့် Andhra Pradesh ပြည်နယ်ရှစ်ခုမှ လာကြောင်း သိရသည်။

ပဲစင်းငုံကို ပုံမှန်အားဖြင့် ဇွန်လနှင့်ဇူလိုင်လများတွင် စိုက်ပျိုးပြီးရက်ပေါင်း ၁၂၀ မှ ၁၉၀ ကြာပြီးနောက် ရိတ်သိမ်းလေ့ရှိသည်။ သို့သော် ပဲစင်းငုံအဓိကထုတ်လုပ်သည့်ခရိုင်များဖြစ်သော Ahilyanagar၊ Sangli၊ Satara၊ Pune၊ Beed၊ Solapur၊ Latur နှင့် Marathwada ဒေသအချို့တို့တွင် မိုးသည်းထန်စွာနှင့်ကြာရှည်စွာရွာသွန်းမှုများကြောင့်ပန်းပွင့်ချိန် နှင့်အသီးအနှံဖြစ်ပေါ်ချိန် နှစ်ဆင့်စလုံးတွင် သီးနှံများပျက်စီးခဲ့ရကြောင်း တွေ့ရှိရသည်။

Latur ခရိုင် စိုက်ပျိုးရေးအရာရှိ Shivsamb Ladke က "ဧရိယာအများအပြားမှာ ရေဝပ်နေဆဲဖြစ်လို့ ပဲစင်းငုံသီးနှံ ၄၀ ရာခိုင်နှုန်းခန့်ပျက်စီးနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

၎င်းက "မိုးတွေရပ်သွားပြီးနောက်မှာတောင်မှ သက်ရောက်မှုက ပြင်းထန်နေဦးမှာဖြစ်ပြီး စိုက်ခင်းအများစုမှာ ညှိုးနွမ်းမှုတွေ မြင်တွေ့ရပါတယ်"ဟုလည်း ပြောကြားခဲ့သည်။

Latur သည် ပဲကြိတ်ခွဲစက်များ ပေါများစွာရှိသော အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ပဲမျိုးစုံဈေးကွက်များထဲမှ တစ်ခုဖြစ်သည်။ Ahmednagar ခရိုင်စိုက်ပျိုးရေးအရာရှိ Sudhakar Borale ကလည်း အလားတူ စိုးရိမ်ပူပန်မှုများကို ထပ်လောင်းပြောကြားခဲ့ပြီး ခရိုင်၏ နေရာအနှံ့အပြားမှ ကျယ်ပြန့်သောပျက်စီးဆုံးရှုံးမှုများ အစီရင်ခံစာများ ရောက်ရှိလာကြောင်း ပြောကြားခဲ့သည်။

အဆိုပါပျက်စီးဆုံးရှုံးမှု၏ အဓိကအကြောင်းရင်းမှာ အပင်၏ရေနှင့် အာဟာရသယ်ယူပို့ဆောင်ရေးစနစ်ကို ပိတ်ဆို့သည့် မြေဆီလွှာမှ ပေါက်ဖွားသော မှိုရောဂါပိုးဖြစ်သည့် Fusarium wilt ကြောင့်ဖြစ်ကြောင်းသိရသည်။

စိုက်ပျိုးရေးကျွမ်းကျင်သူ Deepak Chavan က ကွင်းဆင်းအကဲဖြတ်မှုများအရ အဆိုပါရောဂါသည် စိုက်ပျိုးထားသော ပဲစင်းငုံသီးနှံ၏ ၂၅ မှ ၃၀ ရာခိုင်နှုန်းခန့်ကို ထိခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

၎င်းက "ဒီဆုံးရှုံးမှုဟာ မကြာသေးမီလတွေက ရေကြီးမှုကြောင့်ဖြစ်ခဲ့တဲ့ ပျက်စီးဆုံးရှုံးမှုတွေအပြင် ထပ်တိုးဖြစ်ပေါ်လာတာပါ" ဟု မှတ်ချက်ပြုခဲ့သည်။

သို့သော် ပဲစင်းငုံအပါအဝင် ပဲမျိုးစုံကို ဆက်လက် တင်သွင်းလျက်ရှိခြင်းကြောင့် စားသုံးသူများသည် ဈေးကွက်အတွင်း သက်ရောက်မှုကို ခံစားရမည် မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**Source: The Hindu Businessline, Maharashtra's tur production may drop 40% on crop damage due to rain, floods, October 28, 2025.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## ဗီယက်နမ်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးကို ၁ ဒသမ ၅ ဆအထိ ပူးပေါင်းတိုးမြှင့်ရန် ရည်မှန်းထား



ဗီယက်နမ်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့သည် လာမည့် သုံးနှစ်မှ ငါးနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်ရေးကို ၁ ဒသမ ၅ ဆအထိ တိုးမြှင့်ရန်ကြိုးပမ်းသွားမည်ဟု သဘောတူညီခဲ့ကြောင်း ဒေသတွင်းသတင်း စာ VnEconomy က အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်ကို မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သော ၄၇ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဖြစ်သော Nguyen Hong Dien နှင့် ကနေဒါ နိုင်ငံတကာ ကုန်သွယ်ရေးဝန်ကြီး Maninder Sidhu တို့တက်ရောက်ခဲ့ပြီး အစည်းအဝေးပြင်ပတွင် အောက်တိုဘာ ၂၇ ရက်နေ့က သီးခြားတွေ့ဆုံစဉ် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် စာချုပ်ကို အပြီးသတ်လက်မှတ်ရေးထိုးရန် ကတိပြုခဲ့ပြီး ၎င်းသည် ဒေသတွင်း စီးပွားရေးကို ခိုင်မာစေရန်နှင့် ဈေးကွက်ဝင်ရောက်ခွင့်ကို လွယ်ကူချောမွေ့ စေရန် အရေးပါသော ခြေလှမ်းဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးနှစ်ဦးသည် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြပြီး စွမ်းအင်၊ အာကာသနှင့်နည်းပညာကဏ္ဍတို့တွင်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ထပ်မံတိုးချဲ့ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

**Source : Xinhua**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (8.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Nov. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,156 (Shares) | 7,219,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 131 | 1,126,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,450 | 3,500 | 3,450 | 1,508 | 5,202,650 | 38,929,150 | 136,252 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 2,250 | +0 | +0.00% | 2,250 | 2,250 | 2,250 | 1 | 2,250 | 29,664,613 | 66,745 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 510 | 867,500 | 19,977,223 | 34,960 |
| AMATA | 00007 | 3,500 | +0 | +0.00% | 3,450 | 3,500 | 3,450 | 6 | 20,750 | 10,497,598 | 36,742 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 0 | 0 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 8th Nov. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.19 | +0.00 | +0.00% | 398.19 | 398.19 | 396.63 | 2,156 | 7,219,750 | 8 | 751,062 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m, 8th Nov, 2025

| Trading Volume | Trading Value |
|---|---|
| 2,156 (Shares) | 7,219,750 (MMK) |

## Main Board

As of 1:00 p.m, 8th Nov, 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,156 (Shares) | 7,219,750 (MMK) |

| MYANPIX | 398.19 ▲ 0.00 |
|---|---|
| Total Volume (shares) | 2,156 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,062 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,250 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,500 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 0 |

TIR